# Consumer Watch




## စမ်းသပ်ထားတဲ့ Netflix အပြောင်းအလဲ ၄ ခု

Netflix ကို သုံးချင်သူတွေအတွက် video streaming ၊ downloading တွေအတွက် service ၄ ခုကို စမ်းသပ်ထားပါတယ်။

Netflix က အဖွဲ့ဝင်တွေ ထွက်သွားပြီး တခြားအပြောင်းအလဲတွေကို ရှာဖွေကြတာ သိပါတယ်။ ဒါကြောင့် for-pay video streaming နဲ့ rental service ပြိုင်ဘက် ၄ ခုကို စမ်းသပ်ခဲ့ပါတယ်။ Amazon Prime Blockbuster on Demand ၊ Hulu Plus နဲ့ iTune rental တွေ ဖြစ်ပါတယ်။ ဒီ service ၄ ခုဟာ Netflix ကို ဈေးနှုန်း၊ ပါဝင်မှုအကြောင်းအရာ streaming အရည်အသွေးနဲ့ အသုံးပြုရလွယ်ကူမှုစတဲ့အချက်တွေပေါ်မှာ ဘယ်လို အနိုင်ယူသွားလဲဆိုတာ ဆက်ပြီးကြည့်ရအောင်ပါ။

### Amazon Prime

ဈေးနှုန်း – တစ်နှစ် ၇၉ ဒေါ်လာ

#### ပါဝင်တဲ့အကြောင်းအရာ

Amazon Prime မှာ ကောင်းတဲ့အချက်တွေ ပါဝင်ပါတယ်။ ဒါပေမဲ့ Amazon Prime ကနေရနိုင်တဲ့ item အများစုကတော့ ပုံစံဟောင်း (Notting Hill) ၊ ဒါမှမဟုတ် classic (High Plains Drifter) တွေ ဖြစ်ပါတယ်။ မကြာခင်ကထွက်တဲ့ Fox မှာ 2000 TV show နဲ့ movie တွေ ပါဝင်ပါတယ်။

#### Streaming အရည်အသွေး

PC ထဲကို video တွေ stream လုပ်နိုင်ပါတယ်။ ဒါ့ပြင် Mac ၊ ဒါမှမဟုတ် compatible device တွေကိုလည်း stream လုပ်နိုင်ပါတယ်။ Rental video ကို download လုပ်ပြီး PC ၊ ဒါမှမဟုတ် Tivo မှာ offline ကြည့်နိုင်ပါတယ်။ Video တွေ download ချဖို့ Amazon ရဲ့ Unbox player ကို သုံးရပါမယ်။ ဒါပေမဲ့ mac နဲ့တော့ အဆင်မပြေပါဘူး။

Amazon ရဲ့ streaming video အရည်အသွေးက စမ်းသပ်ကြည့်တော့ မကောင်းပါဘူး။ scene တွေ တော်တော်များများမှာ block တွေ၊ အစက်အပြောက်တွေ တွေ့နိုင်ပါတယ်။ ဒီအချက်တွေနဲ့ service က လုံးဝကို video အရည်အသွေးပိုင်းမှာ ဆိုးရွားတာကို တွေ့ခဲ့ရပါတယ်။

#### အသုံးပြုရလွယ်ကူမှု

Amazon Prime က setup လုပ်ရတာနဲ့ အသုံးပြုရတာ လွယ်ကူပါတယ်။ ၁၂ လကြာတဲ့အခါမှာ ဒေါ်လာ ၇၉ နှုန်းထားဟာ တစ်လမှာ ၆.၆၀ ဒေါ်လာ အလုပ်လုပ်ပေးနိုင်တဲ့အတွက်ကြောင့် အသုံးပြုရတဲ့အပေါ်မူတည်ပြီး တခြား service တွေထက်ပိုပြီး သက်သာတာတွေ့ရပါတယ်။

## Blockbuster on Demand

ဈေးနှုန်း – Rental တစ်ခုစာ ၁.၉၉ ဒေါ်လာမှ ၃.၉၉ ဒေါ်လာအထိ

### ပါဝင်တဲ့အကြောင်းအရာ

Blockbuster on Demand မှာ iTunes ၊ Amazon Prime တို့ထက် အသစ်ထုတ်တဲ့ပစ္စည်းတင်တာ နည်းပါတယ်။ "Action And Adventure" အမျိုးအစားမှာဆိုရင် Thor နဲ့ Fast Fire လို 2011 title တွေ နည်းပါတယ်။ "Romance" အမျိုးအစားမှာဆိုရင် 2011 က title ၇ ခုပဲ ပါဝင်ပါတယ်။

### Streaming အရည်အသွေး

Blockbuster က ရုပ်ရှင်တွေကို download လုပ်နိုင်ပြီး Blockbuster ရဲ့ Movielink player မှာ ကြည့်နိုင်ပါတယ်။ ဒါမှမဟုတ်လည်း ကိုယ့်ရဲ့ browser ထဲကို stream လုပ်နိုင်ပါတယ်။ Movielink နဲ့ဆိုရင် ပုံအရည်အသွေးက ပိုကောင်းပါတယ်။ (Streaming မှာ ကျော်သွားတာတွေအတွက် စိတ်ပူစရာမရှိပါဘူး) ဒါပေမဲ့ download လုပ်တဲ့အချိန်ကတော့ ကိုယ့်ရဲ့ connnection speed ပေါ်မူတည်ပြီး နည်းနည်းတော့ အချိန်ကြာနိုင်ပါတယ်။ Blockbuster ရဲ့ video streaming လုပ်တဲ့အရည်အသွေးကတော့ စမ်းသပ်ကြည့်တဲ့အခါမှာ DVD level နဲ့ နီးစပ်ပါတယ်။ ပိုပြီးမှောင်တဲ့ scene တွေမှာ နည်းနည်းသတိပြုမိပါတယ်။

### အသုံးပြုရလွယ်ကူမှု

Blockbuster ရဲ့ website က on demand section ကနေ movie တွေကို ငှားဖို့မလိုလားအပ်တဲ့အဆင့်တွေကို လုပ်ဆောင်ပေးပါတယ်။

## Hulu Plus

ဈေးနှုန်း – unlimited streaming အတွက် တစ်လ ၇.၉၉ ဒေါ်လာ

### ပါဝင်တဲ့အကြောင်းအရာ

Hulu Plus က TV နဲ့ပတ်သက်ရင်တော့ အားရစရာကောင်းပေမယ့် main stream movie တွေမှာတော့ အားနည်းပါတယ်။ Hulu Plus ရဲ့ TV shows တော်တော်များများက ထုတ်လွှင့်ပြီးတဲ့ နောက်တစ်ရက်ထိ မရသေးတာတွေ့ရပါတယ်။

### Streaming အရည်အသွေး

Hulu က 720p HD 480p ၊ 360p နဲ့ 288p အပါအဝင် multiple streaming option တွေ ပေးထားပါတယ်။ Streaming အရည်အသွေးပိုင်းကတော့ full-screen ကလွဲရင် mode တွေအားလုံးမှာ ရှင်းရှင်းလင်းလင်း ချောချောမွေ့မွေ့ ဖြစ်ပါတယ်။ Full-screen mode နဲ့ မိနစ် ၉၀ စာ test လုပ်တဲ့အခါမှာ video က colorful နဲ့ block pattern တွေပြနေပြီး ပုံတွေကလည်း video မှာရှိတဲ့ တခြားနေရာတစ်ခုကို ကျော်တဲ့အခါမှာ frame ၂ ခုကြားမှာ ရှေ့နောက်လှုပ်နေတာမျိုး တွေ့ရပါတယ်။ တခြား service တွေနဲ့ မတူတာက Hulu က ကြော်ငြာတွေကတစ်ဆင့် Customer တွေကို ငွေကြေးပေးစေပါတယ်။

### အသုံးပြုရလွယ်ကူမှု

Hulu ရဲ့ interface အပိုင်းက သုံးရတာလွယ်ကူပါတယ်။ TV show ကြည့်ချင်တဲ့အခါ show ရဲ့ မူလစာမျက်နှာကို သွားနိုင်ပါတယ်။ ဒါမှမဟုတ် နောက်ဆုံး အပိုင်းထိ တိုက်ရိုက်ကျော်လွှားပြီးလည်း သွားနိုင်ပါတယ်။ ကိုယ့်ရဲ့ favorite list ထဲကို show တွေထပ်ထည့်နိုင်ပြီး ဇာတ်လမ်းအပိုင်းအသစ်တွေ ရတဲ့အခါမှာလည်း သတိပေးချက်တွေ ရရှိမှာ ဖြစ်ပါတယ်။

## iTunes Rentals

ဈေးနှုန်း – ၀.၉၉ ဒေါ်လာမှ ၄.၉၉ ဒေါ်လာ

### ပါဝင်တဲ့အကြောင်းအရာ

Hulu Plus မှာ မရနိုင်တော့တဲ့ နာမည်ကျော် movie တွေ၊ TV show တွေကို စိတ်ဝင်စားသူတွေအတွက် iTunes မှာက ယင်းရဲ့ store မှာrental အတွက်ရနိုင်တဲ့ title တွေ အများအပြားရှိပါတယ်။ Dr strangelove လို နာမည်ကျော်တွေကလွဲရင် အရင်က movie တွေ အနည်းငယ် ရှိပါတယ်။

### Streaming အရည်အသွေး

iTunes ကနေ stream rental မလုပ်ပဲ download လုပ်တာကြောင့် video အရည်အသွေးက အကောင်းဆုံးဖြစ်ပါတယ်။ Mac ရှိတယ်ဆိုရင် HD version movie တွေကို ငှားရမ်းနိုင်ပါတယ်။ (HD version က ရိုးရိုး PC တွေမှာ ရမှာမဟုတ်ပါဘူး) အရည်အသွေးက DVD level ဖြစ်ပါတယ်။

### အသုံးပြုရလွယ်ကူမှု

iTunes ကနေ content တွေကို ငှားရပါတယ်။ iTunes ရဲ့ interface ပိုင်းက အရမ်း user-friendly ဖြစ်နေတာမျိုးတော့ မဟုတ်ပါဘူး။ iTunes ရဲ့ search box က music နဲ့ app အတွက် ကိုက်ညီမှုတွေပါဝင်တဲ့ result တွေအများကြီး ထွက်လာပါတယ်။ ဒါ့ပြင် iTunes rental တွေဟာ Android device နဲ့ connected TV တွေနဲ့ ကိုက်ညီမှုမရှိပါဘူး။ ■

စောကလျာအေး (UCSY)

## Phone ဟာ ငွေသား card ဖြစ်သင့်ပါသလား

(Near Field Communication)NFC ကတော့ အနားမှာရှိတဲ့ antenna ၂ ခု ကြားထဲမှာ သတင်းအချက်အလက်တွေကို ကြိုးမဲ့နည်းနဲ့ ကူးပြောင်းပေးတဲ့နည်းလမ်းတစ်ခု ဖြစ်ပါတယ်။ Google ကတော့ ယင်းရဲ့ Sprint Nexus S4G ကို NFC antenna နဲ့ တပ်ဆင်ထားပါတယ်။ ဈေးဝယ်သူတွေကို phone-based ငွေပေးချေမှုတွေကိုတိုက်တွန်းဖို့ Google Wallet app ကိုလည်း ပေးထားပါတယ်။ RIM က phone အသစ်မှာ NFC antenna ကို ထပ်ပေါင်းထည့်ထားပါတယ်။ ဒါ့ပြင် 'Tag' လို့ခေါ်တဲ့ feature တစ်ခုကိုလည်း မိတ်ဆက်ထားပါတယ်။ တစ်ခါတလေ ကိုယ့်ရဲ့ ပိုက်ဆံ အိတ်ကိုရှာလို့မတွေ့ဘူးဆိုရင်၊ checkbook ကို မသယ်ဘူးဆိုရင်လည်း ရပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ phone ကတော့ လက်ထဲမှာ အမြဲရှိပါတယ်။ ဒါကြောင့် phone ကို ငွေချေတဲ့ card တစ်ခုအဖြစ် သုံးရင်တော့ ဈေးဝယ်ခြင်းတွေကို အဆင်ပြေလွယ်ကူနိုင်စေမှာတော့ အမှန်ပါပဲ။ ■